# မြန်မာ့ သဘာဝပတ်ဝန်းကျင်အလုပ်အဖွဲ့မှ စွမ်းအင်၊ ဓါတ်သတ္တုတူးဖော်ရေးနှင့် မြေယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု စံသတ်မှတ်ချက်နှင့်ပတ်သက်၍ ထုတ်ပြန်ကြေငြာချက်။

နေ့စွဲ - ၂၀၁၂ ခုနှစ်၊ မတ်လ (၂၂)ရက်။

လူထုအခြေပြု အဖွဲ့အစည်းများ၏ မဟာမိတ်အဖွဲ့အစည်းတခုဖြစ်သော မြန်မာ့သဘာဝပတ်ဝန်းကျင် အလုပ်အဖွဲ့မှ မြန်မာနိုင်ငံတွင် ကဏ္ဍအသီးသီး၌ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ တာဝန်ခံမှုရှိစေရန် စွမ်းအင်၊ ဓါတ်သတ္တုတူးဖော်ရေးနှင့် မြေယာကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှု စံသတ်မှတ်ချက်နှင့်ပတ်သက်သော ကြေငြာချက် ထုတ်ပြန်လိုက်သည်။ စံသတ်မှတ်မှုထုတ်ပြန်ကြေငြာချက်သည် အနောက်အုပ်စု ဒီမိုကရေစီနိုင်ငံများနှင့် ကုမ္ပဏီများ မြန်မာနိုင်ငံအားပိတ်ဆို့အရေးယူထားမှုကို ရုတ်သိမ်းကာစွန့်စားမှုကြီးသည့်ရင်းနှီးမြှုပ်နှံမှု ပြု လုပ်ရန် စိတ်ဝင်စားလျက်ရှိသည့်အချိန်တွင် အချိန်ကိုက်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ အကယ်၍ ဤစံသတ်မှတ်ချက်ကို လိုက်နာ ပါက လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ချိုးဖောက်မှုနှင့်ပတ်သက်၍ နာမည်ဆိုးရှိခဲ့သော မြန်မာအစိုးရအနေဖြင့် လူထုဘဝတိုး တက်လာမည့်အပြင် အရှေ့တောင်အာရှတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ ပေါ်ထွန်းလာမည့် မြန်မာနိုင်ငံကို ထိခိုက်စေမည် မ ဟုတ်ပေ။

သဘာဝသယံဇာတကို အငမ်းမရမက်မောသော အာရှအိမ်နီးချင်းနိုင်ငံများသည် ၁၉၈၀ နှောင်းပိုင်းခုနှစ်များမှစတင်ကာ အထက်ပါ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် တိုးမြင့်လုပ်ကိုင်မှုအပါအဝင်၊ အထူးစီးပွားရေးဇုံများတည်ဆောက်ခြင်းကြောင့် အကြမ်းဖက်မှုများကို တိုးပွားလာစေခြင်း၊ ဒေသခံလူထုအပေါ်လူ့အခွင့်အရေးချိုးဖေါက်မှုဖြစ်ပေါ်စေခြင်း၊ ဒေသခံတို့၏ အစဉ်အလာလူနေမှုဘဝကို ခြိမ်းခြောက်လာခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုများကို ယခုတိုင် ဖြစ်ပေါ်စေခဲ့သည်။

ဤစံသတ်မှတ်မှု ထုတ်ပြန်ချက်၏ ရည်ရွယ်ချက်မှာ ရင်းနှီးမြှုပ်နှံမှုနှင့် အထူးစီးပွားရေးဇုံကြောင့် နစ်နာဆုံးရှုံးခဲ့ရသည့် ဒေသခံလူထု ၏ အကျိုးဖြစ်ပေါ်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။ ဤထုတ်ပြန်ချက်သည် ဒေသခံများအနေဖြင့် စီမံကိန်းများမှအကျိုးအမြတ်ကို ညီမျှစွာ ရရှိခံစားပိုင်ခွင့်ကို အာမခံရန်ရည်ရွယ်ခြင်းဖြစ်ပြီး၊ ပဋိပက္ခများကို လျော့ကျစေရန်၊ တရားဥပဒေစိုးမိုးရေးနှင့် အကျိုးခံစားပိုင်ခွင့်ရှိသူများအား တာဝန်ခံမှုရှိစေရန်၊ အပြန်အလှန်ထိန်းကျောင်းမှုရှိသည့် လူထုအခြေပြုအဖွဲ့အစည်းများကို တည်ထောင်ရန်၊ လုပ်ငန်းအကောင်အထည်ဖေါ်ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်မှုရှိစေရန်၊ လူထုအခြေပြု အဖွဲ့အစည်းများအနေဖြင့် လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်ပြုရေးနှင့် နိုင်ငံ၏ သဘာဝသယံဇာတကိုစီမံခန့်ခွဲရာတွင် စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင် အရှည်တည်တံ့ခိုင်မြဲရေးကို အာမခံမှုရှိစေရန် ရည်ရွယ်ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုသည် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူ ဖြစ်စေရမည်ဖြစ်ပြီး သဘာဝသယံဇာတရင်းနှီးမြှုပ်နှံမှုကြောင့် အတင်းအကြပ်လုပ်အားခိုင်းစေခြင်း၊ မြေယာသိမ်းပိုက်ခံရခြင်း၊ တရားမဝင်အခွန်ကောက်ခြင်း၊ အသက်အိုးအိမ်များဆုံးရှုံးခြင်းနှင့် လူ့အခွင့်အရေးချိုးဖေါက်မှုများကို နှစ်ရှည်လများခံစားခဲ့ရသည့် ဒေသခံများ၏ ဆန္ဒသဘောထားကို လေးစားလိုက်နာရန်လိုအပ်ကြောင်း **မြန်မာ့သဘာဝပတ်ဝန်းကျင်အလုပ်အဖွဲ့မှ စွမ်းအင်၊ ဓါတ်သတ္တုတူးဖော်ရေးနှင့် မြေယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုစံသတ်မှတ်ချက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူ ပေါလ်စိန်ထွားမှ ပြောဆိုခဲ့သည်။ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု စံသတ်မှတ်ချက်အား ပိုမိုတိုးတက်ကောင်းမွန်ရန်အတွက် ပြည်သူများနှင့် ထပ်မံ လက်တွဲဆောင်ရွက် လုပ်ဆောင်နိုင်စေရန် ရည်ရွယ်ထုတ်ပြန်သည်။ အောက်ဖေါ်ပြပါအချက်များသည်** BEWG **၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စံသတ်မှတ်ချက်များ ဖြစ်သည်။**

## (၁) ထိခိုက်နစ်နာမှုမရှိစေရေး

ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံအတွင်း သဘာဝသယံဇာတနှင့် မြေယာအခြေခံအငြင်းပွားမှုကို ဆိုးရွားမှုမရှိစေရန်၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် တည်ဆောက်ရေးဆိုသော အမည်နာမအောက်တွင် အစိုးရနှင့် တိုင်းရင်းသားတို့မှ ငြိမ်းချမ်းရေးဆွေးနွေး မှုများကို တက်လှမ်းနေပြီး မြန်မာနိုင်ငံရေး၏အခြေအနေသည် အကဲဆတ်သောအခြေအနေတွင် ရောက်ရှိနေသည်။ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံသူတို့၏ အကျိုးအမြတ်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုက်ရိုက်စွတ်ဖက်ရာရောက်ပြီး ရင်းနှီးမြှုပ်နှံမှု လုပ်နေသည့်နေရာများတွင် ပဋိပက္ခများကိုပိုမိုတိုးပွားစေသည်။

စီမံကိန်းများ အကောင်အထည်ဖေါ်သည့်နေရာများတွင် စစ်မှန်သောငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်ပြီး အလျှင်အမြန် အကောင် အထည်ဖေါ်၍ မရနိုင်ပေ။ လက်ရှိဖြစ်ပေါ်နေသော ငြိမ်းချမ်းရေးသဘောတူညီမှုများ၊ လက်နက်ကိုင်အုပ်စုများနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုမျိုးမဟုတ်ပဲ တိုင်းရင်းသားပဋိပက္ခအားရှုထောင့်ပေါင်းစုံမှ ဖြေရှင်းရန်အချိန်နှင့် အလေးထားရန် လိုအပ်သည်။ စစ်မှန် သောငြိမ်းချမ်းရေးပေါ်ပေါက်လာသောအခါ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အတိတ်သမိုင်းနှင့် လက်ရှိအခြေအနေတွင် စီမံကိန်းတခု ချင်း၏ ဆက်စပ်မှု၊ အစိုးရ၏ပါဝင်မှုနှင့် စီးပွားရေးလုပ်ဖေါ်ကိုင်ဖက်တို့၏ ပဋိပက္ခတို့ကို နားလည်ရန်လိုအပ်ပြီး၊ စီမံကိန်းတို့၏ လုံခြုံ စိတ်ချရမှုသည် တရားဥပဒေစိုးမိုးရေးဖြစ်ပြီး ဒေသဆိုင်ရာစစ်တပ် ကြီးစိုးရေးမဟုတ်ပေ။ ဤအကြောင်းအရာများ၏ အစိတ်အပိုင်း တရပ်အဖြစ် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ပဋိပက္ခဆိုင်ရာ အကဲဖြတ်လုပ်ဆောင်မှုများကို အကောင်းဆုံးဆောင်ရွက်ရန်နှင့် ပြဿနာ များနှင့် လုံခြုံမှုနှင့်ဆိုင်သော လူ့အခွင့်အရေးချိုးဖေါက်မှုများကို ရှောင်ရှားနိုင်ရန်စွန့်စားမှုဆိုင်ရာ စီမံခန့်ခွဲမှုမဟာဗျူဟာကို လိုက်နာရ မည်။

ပြည့်စုံသော တရားဥပဒေ နှင့် စည်းမျဉ်းစည်းကမ်းများ ပြုပြင်ပြောင်းလဲမှုများကို ကျင့်သုံးသည့် အချိန်ကျမှသာ ရင်းနှီးမြှုပ်နှံမှု စီမံ ကိန်းသစ်များကို ပြုလုပ်ကြရန် တိုက်တွန်းသည်။ ပြုပြင် ပြောင်းလဲမှုများဟု ဆိုရာတွင် နိုင်ငံတကာ စံချိန်မှီသော လူမှုရေး နှင့် သ ဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုံခြုံရေးကို အာမခံပေးနိုင်ပြီး ဒေသခံများ၏ အဓိပ္ပါယ်ရှိသောပူးပေါင်းပါဝင်မှု၊ သဘောတူညီမှု၊ အကြံ ဉာဏ်ရယူမှုကို ဥပဒေအရ လက်တွေ့ကျင့်သုံးနိုင်သော အချိန်နှင့် ပဋိပက္ခကင်းသော ဒေသများတွင်သာ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ် ရန် BEWG မှ တိုက်တွန်းသည်။

## (၂) အကောင်းဆုံးနည်းလမ်း (သို့) နည်းလမ်းမရှိ

ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူ့ အခွင့်အရေးများဆိုင်ရာ တရား ဥပဒေကို လေးစားလိုက်နာပြီး နိုင်ငံတကာမှ လက်ခံကျင့်သုံးနေသော လူ့အခွင့်အရေးများ၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများ ခန့်မှန်းတွက်ချက်ခြင်းကို ကမ္ဘာလုံး ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာလုပ်ဆောင်ရမည်။

မြန်မာနိုင်ငံတွင် လူ့ အခွင့်အရေးများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူ့ အခွင့်အရေး ဆိုင်ရာ အကျိုးသက်ရောက်မှု ခန့်မှန်း တွက် ချက်ခြင်း ဥပဒေများ သို့ မဟုတ် လိုအပ်သောလုပ်ဆောင်မှုများ မရှိပါ။

ဤနိုင်ငံတကာအဆင့်အတန်းမှီဥပဒေများ မပေါ်ပေါက်သည့်တိုင် ရင်းနှီး မြှုပ်နှံသူများအနေဖြင့် နိုင်ငံတကာစံချိန်စံညွှန်းမှီ သဘာဝ ပတ်ဝန်းကျင်၊ လူ့အခွင့်အရေးနှင့် နိုင်ငံတကာဥပဒေများကို လိုက်နာရန် လို အပ်သည်။ ဆုံးဖြတ်ချက်ချမှတ်ရာတွင် သက်ဆိုင်သူ အားလုံးပါဝင်နိုင်ရန် အာမခံရမည်။ ဒေသဆိုင်ရာလူအဖွဲ့အစည်း၏ အခွင့်အရေး များကို ကာကွယ်နိုင်ရန် လွတ်လပ်မှု၊ အလေးထားမှု နှင့် သဘောတူညီချက်များ ရယူခြင်းတို့တွင် ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ရန် လိုအပ်သည်။

## (၃) ပွင့်လင်းမြင်သာမှုဆိုင်ရာလုပ်ဆောင်မှုနှင့်မှုများ

ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အကျင့်ပျက်ခြစားမှုနှင့်ပတ်သတ်၍ တိကျပြတ်သားသောမူရှိရန်လိုအပ်ပြီး လုပ်ငန်းစာချုပ်နှင့် အခွန်ဘဏ္ဍာပွင့်လင်းမြင်သာမှုရှိစေရန် လိုက်နာရမည်။ မြန်မာနိုင်ငံတွင် အကျင့်ပျက်ခြစားခြင်းသည် ဆင်းရဲမွဲတေမှုကို ဖြစ်ပေါ်စေခြင်း၊ ဖွံ့ဖြိုးမှုနည်းပါးခြင်း၊ လူ့အခွင့်အရေးချိုးဖေါက်ခြင်းနှင့် တိုင်းရင်းသားတို့အား ထိုးစစ်ဆင်တိုက်ခိုက်နေသည့် စစ်တပ်အား ငွေကြေးပံ့ပိုးပေးနေသည်ကို သိရှိထားပြီးဖြစ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ လုပ်ငန်းစာချုပ်နှင့် အခွန်ဘဏ္ဍာဆိုင်ရာပွင့်လင်းမြင်သာမှု နည်းပါးခြင်းသည် အကျင့်ပျက်ခြစားမှုကို ပိုမိုဆိုးရွားစေသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် တိကျမှန်ကန်သော သတင်းအချက်အလက်များကို ပံ့မှန်ပံ့ပိုးပေးခြင်း၊ ကုမ္ပဏီ၏ လုပ်ငန်းများနှင့် အကျိုးအမြတ်စီးဆင်းရာ နေရာများကို ပွင့်လင်းမြင်သာမှုနှင့် အလုံးစုံကို တင်ပြပေးခြင်း၊ သင့်တော်သောအနေအထားတွင် အစီရင်ခံစာများထုတ်ပြန်ပေးခြင်းနှင့် ထိခိုက်နစ်နာသည့် ပြည်သူထံသို့ သတင်းအချက်အလက်များ လွယ်ကူစွာရောက်ရှိစေရန် လုပ်ဆောင်ရမည်။ မြန်မာနိုင်ငံတွင် တွင်းထွက်သဘာဝသယံဇာတများ ကုန်ဆုံးသွားသည့်အချိန်တွင် ရင်းနှီးမြှုပ်နှံသူများ၊အစိုးရနှင့် ဒေသခံလူ့အဖွဲ့အစည်းအနေဖြင့် ရေရှည်လူမှုရေးနှင့် စီးပွားဖွံ့ဖြိုးမှု စဉ်ဆက်မပြတ်တိုး တက်မှုရှိစေရန် ဘဏ္ဍာအခွန်များကိုပွင့်လင်းမြင်သာစွာစီမံခန့်ခွဲရမည်။

ပြင်ပဝင်ငွေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ပွင့်လင်းမှု ရှိခြင်း၊ လုပ်ငန်းအတွက် လိုအပ်သော ဆက်စပ်ပစ္စည်းများ အားလုံးအပေါ် စီမံခန့် ခွဲခြင်း နှင့် ပြည်တွင်းရှိ အားကောင်းသော လဘ်စားမှု ဆန့် ကျင်သော(ခြစားမှုဆန့် ကျင်ရေး) ပေါ်လစီများကို လက်ဝေခံကန်ထရိုက်တာများ အားလုံးအပေါ်တွင် လက်တွေ့ ထိရောက်စွာ လုပ်ဆောင်နိုင်မည် ဆိုပါက ရရှိလာမည့် အကျိုးအမြတ်များကို အဆင့်တိုင်းတွင် ကောင်းမွန်စွာ စီမံခန့် ခွဲမှုကို ရင်းနှီးမြှုပ်နှံသူများအနေဖြင့် တက်ကြွစွာထောက်ခံနိုင်သည်။

## (၄) လူထုအခြေပြုအဖွဲ့အစည်းများကိုထောက်ပံ့ခြင်း၊ပြစ်ဒဏ်များပေးခြင်းမပြုတ်

လူထုအခြေပြုအဖွဲ့အစည်းများသည် သူ၏လုပ်ငန်းများ အထမြောက်အောင်မြင်စေရန် ခြိမ်းခြောက်အနိုင်ကျင့်မှုကင်းပြီး လွတ်လပ်မှုရှိရမည်။ မြန်မာနိုင်ငံအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ၏ အခွင့်အရေးများနှင့် ကာကွယ်ရေးဆိုင်ရာများကို ဥပဒေများဖြင့် အာမခံရမည်ဖြစ်ပြီး ၎င်းအဖွဲ့အစည်းများအနေဖြင့် လူထု၏ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများနှင့် အထူးစီးပွားရေးဇုံများ၊ ဓါတ်သတ္တုတူးဖေါ်ရေး၊ စွမ်းအင်ဆိုင်ရာ လုပ်ငန်းများနှင့်သက်ဆိုင်သော ပညာပေးရေးလုပ်ငန်းများကို ခွင့်ပြုရမည်။ လူထုအခြေပြု အဖွဲ့အစည်းများသည် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများစစ်ဆေးခြင်းနှင့် ထိန်းညှိရေးစနစ်အတွက် အရေးပါသည်။ လူထုအခြေပြု အဖွဲ့အစည်းများသည် ဒေသခံလူထုနှင့် လူထု၏အကျိုးစီးပွားကို ကာကွယ်မှုပေးနိုင်ပြီး အာဏာရှင်တို့၏ ဖိနှိပ်မှုမှရှောင်ရှားနိုင်ရန် လုပ်ဆောင်သည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လူထုအခြေပြုအဖွဲ့အစည်းများနှင့်တိုက်ရိုက်ဆက်စပ်ပြီးငြိမ်းချမ်းမှုနှင့်အဓိပ္ပါယ်ပြည့်ဝသည့်ဆွေးနွေးမှုများဖြစ်ပေါ်လာရန်ပံ့ပိုးသင့်သည်။

## (၅) အစုအဖွဲ့များကိုလုပ်ပိုင်ခွင့်များမြှင့်ပေးခြင်း

ရင်းနှီးမြှုပ်နှံမှုကြောင့် အောက်ခြေလူထု၏ နစ်နာဆုံးရှုံးမှုများကို အပြည့်အဝဖြေရှင်းပေးရမည်။ စီမံကိန်းများ အကောင်အထည်ဖေါ်ဆောင်ရွက်သည့် ဧရိယာအတွင်းရှိ လူထု၏စိုးရိမ်မှုများ၊ လိုအပ်ချက်များကို မျှမျှတတဖြေရှင်းပေးရမည်။ မြန်မာနိုင်ငံအတွင်းရှိ ဒေသခံလူထုအထူးသဖြင့်အမျိုးသမီးများနှင့် ကလေးသူငယ်များသည်  ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ အဓမ္မအလုပ်ခိုင်းစေခြင်း၊ မြေယာများသိမ်းပိုက်ခြင်း၊ တရားမဝင်အခွန်ကောက်ခံခြင်း၊ အသက်ဆုံးရှုံးခြင်း၊ အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို အချိန်ကြာကြာကတည်းက ခံစားနေရသည်။ ပြည်တွင်းနှင့် နိုင်ငံ တကာစံချိန်စံညွှန်းမှီ တရားဥပဒေများကို ပြဌာန်းပေးပြီး၊ စီမံကိန်းတိုင်းတွင် လူထု၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ ထိရောက်လုံခြုံမှုရှိသည့် အတွင်းစည်းစနစ်ကို တည်ဆောက်ရမည်ဖြစ်ပြီး အတိတ်၊ ပစ္စုပ္ပန်၊ (သို့) အနာဂါတ်တွင်ဖြစ်ပေါ်လာမည့် စော်ကားမှုများကို အလွယ်တကူကုစားမှုများရရှိရေးကို ပံ့ပိုးရမည်။

BEWG သည် ရင်းနှီးမြှုပ်နှံသူများနှင့်သက်ဆိုင်သည့် UNPRI2010 ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ အကျိုးသက်ရောက်မှု- ပဋိပက္ခနှင့် အန္တရာယ်ရှိသော နေရာများရှိ စီးပွားရေးလုပ်ငန်းများ၏ တာဝန်ယူမှုနှင့် လမ်းညွှန်မှုကို ရည်ညွှန်းခြင်း၊ ၂၀၀၆ခုနှစ် OECD ၏ အုပ်ချုပ်ရေးအားနည်းသည့်နေရာရှိ ကုမ္ပဏီကြီးများ၏ အန္တရာယ်ဖြေရှင်းသည့်နည်း၊ ၂၀၀၂ ခုနှစ် ပဋိပက္ခဖြစ်နေသည့်နေရာများ စစ်ဆေးအကဲဖြတ်ချက် နှင့် စွန့်စားမှုဆိုင်ရာစီမံခန့်ခွဲမှုအတွက် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလမ်းညွှန်၊၂၀၁၁ ခုနှစ် ကုလသမဂ္ဂမှ စီးပွား ရေးနှင့် လူ့အခွင့်ရေး အတွက်ပြဌာန်းထားသော "ကာကွယ်၊ လေးစား၊ အလျော်ပေး" ဆိုတဲ့ စည်းကမ်းဘောင် ကို အကောင်အထည်ဖော်မှုနှင့် ဓါတ်သတ္တုတူးဖေါ်ရေးစက်မှုလုပ်ငန်း ပွင့်လင်းမြင်သာမှုစီမံချက် (EITI)နှင့် အခြားသော အကောင်းဆုံးမှုများကို ရည်ညွှန်းသည်။

စံသတ်မှတ်ချက်ဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများသည် ၂၀၀၅ ခုနှစ်ကတည်းက စတင်ဆောင် ရွက်လာခဲ့သည်။ သက်ဆိုင်ရာ အဖွဲ့ဝင်အဖွဲ့အစည်းတိုင်းသည် တိုင်းရင်းသားဒေသအသီးသီးရှိ ဒေသခံတို့၏ အသံ၊ လုပ်ငန်းဆောင် ရွက်မှုများမှရရှိသည့် အတွေ့အကြုံများကို ညှိနှိုင်းဆွေးနွေးမှု လုပ်ငန်းစဉ်များသို့ ယူဆောင်ကြသည်။ BEWG သည် ၂၀၁၁ ခုနှစ် တွင်ဖြန့်ချီသည့် မြန်မာ့သဘာဝပတ်ဝန်းကျင်၊ ပြည်သူ၊ ပြသနာနှင့် မူဝါဒအစီရင်ခံစာကို အကြံပေးခဲ့သည်။

အတိတ်ကာလမှ BEWG အကြံပြုချက်များသည် တစတစပြောင်းလဲလာပြီး လက်ရှိအခြေအနေနှင့် ကိုက်ညီမှုများ၊ လိုက်လျောညီထွေဖြစ်စေရန်နှင့် ပြောင်းလဲလာသည့်အခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရန် ဆွေးနွေးညှိနှိုင်းအဖြေရှာမှုကို စဉ်ဆက်မပြတ်လုပ်ဆောင်သည်။ သို့ရာတွင် အဓိကကျသော ပွင့်လင်းမြင်သာမှုနှင့် ကျယ်ပြန့်လာသော ပြသနာများကို ဖြေရှင်းရန် ထိရောက်သောမူဝါဒများ လိုအပ်နေသော်လည်း မြန်မာပြည်သူနှင့် သဘာဝပတ်ဝန်းကျင်သည်ပြောင်းလဲမှုမရှိပေ။ ဤကိစ္စရပ်နှင့်ပတ်သက်၍ သတင်းအချက်အလက်များကိုသိရှိလိုပါက BEWG ၏ ၂၀၁၁ခုနှစ်အစီရင်ခံစာဖြစ်သော *Burma's Environment: People, Problems, Policies* တွင် ကြည့်ရှုနိုင်သည်။ သို့မဟုတ် BWEG ၏ အင်တာနက်စာမျက်နှာ www.bewg.org တွင် သွားရောက် လေ့လာနိုင်သည်။

**BEWG** အဖွဲ့ဝင်များမှာ

1. BEWG consists of Arakan Oil Watch (AOW), BRIDGE (Bridging Rural Integrated Development and Grassroots Empowerment), EarthRights International (ERI), the Kachin Development Networking Group (KDNG), the Karen Environmental and Social Action Network (KESAN), the Lahu National Development Organization (LNDO), the Network for Environmental and Economic Development (NEED), the Pa-Oh Youth Organization (PYO), the Shan Sapawa Environmental Organization (Sapawa) and the Shwe Gas Movement (SGM).

   ၂၀၀၅ နှစ်မှာစတင်၍ မြန်မာ့ သဘာဝပတ်ဝန်းကျင်အလုပ်အဖွဲ့၏ လုပ်ရှားမှုများကို ၊ မြန်မာပြည်ဖွံ့ ဖြိုးတိုး တက် ရေးအတွက် အခြားနည်းလမ်း (Another Development for Burma) ADfB အစီအစဉ် မှပံ့ပိုးလာခဲ့သည်၊

ဆက်သွယ်ရန်-

| | |
|---|---|
| ပေါလ်စိန်ထွား | + ၆၆ (၀)၈၁၇၂၄ ၇၀၉၃ |
| ဝင်းအောင်- | + ၆၆ (၀)၈၅၇၁၃၃၃၄၄ |